# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# ဒုတိယနေ့ အစီအစဉ်

# [ ၂၉–၅–၂၀၁၄ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခမိုင်မှန်ကွမ်၊ ဆွမ်ပရာဘွမ် (ကိုယ်စား) ဦးဇင်းဝမ်၊ နန်းယွန်း မဲဆန္ဒနယ်၏ **၂၀၁၄–၂၀၁၅ အမျိုးသား စီမံကိန်း မူဝါဒပါ မြို့နယ် တစ်မြို့နယ်တွင် ဖွံ့ဖြိုးရေး ရန်ပုံငွေ သန်း ၁၀၀၀ သို့မဟုတ် သန်း ၅၀၀ စီစဉ် ချမှတ်ပေးရန် တောင်းခံမှုကို ပြည်ထောင်စုအစိုးရအဖွဲ့ အနေဖြင့် မည်သည့်နည်းဖြင့် စီစဉ်ဆောင်ရွက်ပေးမည်** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဒေါ်မိမြင့်သန်း၊ ရေး မဲဆန္ဒနယ်၏ **မော်တော်ဆိုင်ကယ် မောင်းနှင် သူများအတွက် ယာဉ်မောင်းလိုင်စင်များကို ကျေးလက်ဒေသများ အထိကွင်းဆင်းစစ်ဆေး၍ စနစ်တကျထုတ်ပေးရန်နှင့် ရေးမြို့နယ် တွင် ကညန ရုံး ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **၂၀၁၄ ခုနှစ် မကုန်ဆုံးမီ တစ်နိုင်ငံလုံးရှိ သစ်များ အပြောင်းရွှေ့မည့် အနေအထားဖြင့် ထုတ်လုပ်နေခြင်းနှင့် ပတ်သက်၍ မည်သို့ တားဆီးကာကွယ် ဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ခင်မွေးလွင်၊ မင်းကင်း မဲဆန္ဒနယ်၏ **ထမံသိရေဝပ်ဧရိယာနှင့် လောင်းမင်းစိုက်ပျိုးဧရိယာတို့မှ သစ်တောလက်ကျန်ဧက၊ ဟုမ္မလင်းမြို့၊ မုံရွာမြို့၊ မန္တလေးမြို့များရှိ အထပ်သားလွှာ စက်ရုံတို့ကို မည်သည့်နှစ်မှစ၍ နှစ်စဉ်၊ နှစ်အလိုက်ပေးပို့ရသော သစ်တန်ချိန်၊ ထမံသိစီမံကိန်း ဆည်ရေဝပ်ဧရိယာ သစ်တော အပြောင်ရှင်းခြင်းကို ဆည်တည်ဆောက်ချိန်မှ ခုတ်ထွင်ပါက အချိန်မီ ပြီးစီးနိုင်ခြင်းရှိ၊ မရှိတို့ကိုသိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအောင်ကြိုင်၊ ညောင်ဦး မဲဆန္ဒနယ်၏ **တောင်သူလယ်သမားများ အတွက် နှစ်ရှည်ချေးငွေများ ချေးနိုင်၊ မချေးနိုင်နှင့် အရစ်ကျ ပေးဆပ်ရာတွင် သီးနှံပေါ်ချိန်ကာလတွင် သတ်မှတ်ပေးနိုင်ခြင်း ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးသိန်းဆွေ၊ အမ်း မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်အတွင်း သီးထပ်စိုက် စွမ်းအားမြင့်မားလာရေး၊ တောင်သူလယ်သမားများ ဆင်းရဲမှု လျော့ချရေးနှင့် ဝင်ငွေပိုမိုရရှိရေးအတွက် မြစ်ရေတင် စီမံကိန်းများ တည်ဆောက်ရန် နှစ်အလိုက်စီမံချက်များ ရေးဆွဲဆောင်ရွက်ရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးခင်မောင်ဝင်း၊ လမ်းမတော် မဲဆန္ဒနယ်၏ **မြေစာရင်းပုံစံ ၁၀၅ နှင့် ၁၀၆ တို့တွင် ပိုင်ရှင်အမည်ပေါက် မဟုတ်သူက ရောင်းချပြီး မြေပိုင်ရှင်အဖြစ် အလွှဲဖော်ပြချုပ်ဆိုခဲ့သော မှတ်ပုံတင်စာချုပ် တွင် မှတ်ပုံတင်အရာရှိကို စာချုပ်ပြုလုပ်သူများကဲ့သို့ မမှန်သက်သေခံ ဖန်တီးရာတွင် တာဝန်မကင်းဟုဆိုပါက မှန်၊ မမှန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဓ) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၏ **စစ်ကိုင်းမြို့နယ်အတွင်းရှိ ဆင်တပ်မြစ်ရေတင်စီမံကိန်း မှ သတ်မှတ်ကေပေါင်း ၆၅၀၀ ကို ရေပေးဝေနိုင်ရန်နှင့် စီမံကိန်းအောင်မြင်အောင် ဆက်လက် ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်က **"ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၅၁/၂၀၁၃)၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၀)ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်သည့် ပြစ်ဒဏ်လွတ်ငြိမ်း ချမ်းသာခွင့် အမိန့်အရ နိုင်ငံရေးအကျဉ်းသားများအား ပြစ်ဒဏ်မှ လွတ်ငြိမ်း ချမ်းသာခွင့်ပြုခဲ့ခြင်း၊ အမိန့်အမှတ် (၁/၂၀၁၄) ဖြင့် အကျဉ်းထောင် အသီးသီးမှ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားများကို ပြစ်ဒဏ်ပြောင်းလဲ ပေးခြင်းနှင့် လျှော့ပေါ့ကျခံစေခြင်း၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း စသည်ဖြင့် အကျဉ်းသားများအား လွတ်ငြိမ်းခွင့်ပြုခဲ့သော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် အား ပြည်သူ့လွှတ်တော်က ဂုဏ်ပြုမှတ်တမ်းတင်ပါသည်။ ထို့အပြင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီအသွင် ကူးပြောင်းရေး သည် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ရေးအတွက် လူသားချင်း စာနာထောက်ထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ (ခ)အရ အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်နှင့်အညီ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် ဆက်လက်ထုတ်ပြန်ပေးရန် အတွက် နိုင်ငံတော် သမ္မတကြီးအား ပြည်သူ့လွှတ်တော်က ထပ်မံတိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"တရားမ ကျင့်ထုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“ တရားမကျင့်ထုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း ”** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။